PREVENT PLASTICS

switchasia GRANTS PROGRAMME

Funded by the European Union

အကျဉ်းချုပ်

# အစိမ်းရောင်ဘဏ္ဍာရေး



sequa

ADFIAP financing sustainable development

SMART Myanmar

WWF

Yever smarter together

# အကျဉ်းချုပ်

Green Finance လမ်းညွှန်စာအုပ်သည် SMART Myanmar 2.0 ပရောဂျက်တွင် ADFIAP ၏ ၄ နှစ်ကြာ ပါဝင်မှုမှ ထွက်ပေါ်လာသည့် ရလဒ်တစ်ခု ဖြစ်သည်။ ADFIAP နှင့် SMART Myanmar Project Management Office တို့အနေဖြင့် ဤလမ်းညွှန်စာအုပ်သည် ၂၀၁၅ ခုနှစ် Paris Agreement နှင့် အညီ လုပ်ဆောင်သော မြန်မာနိုင်ငံ၏ Nationally Determined Contributions (NDCs) တွင် အဓိက ပံ့ပိုးကူညီမှု ဖြစ်စေရန် ရည်ရွယ်ပါသည်။ ဤစာအုပ်ပါ အကြောင်းအရာများသည် မြန်မာနိုင်ငံတွင် ကာဗွန်ထုတ်လွှတ်မှုလျှော့ချပြီး ရာသီဥတုဒဏ်ကို ကြံ့ကြံ့ခံရှင်သန်ရပ်တည်နိုင်သော စီးပွားရေးကို ဖော်ဆောင်ရေးအတွက် အခြေခံအုတ်မြစ်ချရာတွင် ပံ့ပိုးကူညီနိုင်မည် ဖြစ်ပါသည်။ ထို့ပြင် မြန်မာနိုင်ငံရှိ ပုဂ္ဂလိက ကုမ္ပဏီများနှင့် MSME များအနေဖြင့် လာမည့် ၁၀-၁၅ နှစ်အတွင်း ရေရှည်တည်တံ့ခိုင်မြဲသော စိမ်းလန်းသည့် ရင်းနှီးမြှုပ်နှံမှုများကို လုပ်ဆောင်ခြင်းဖြင့် မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွင် အဓိကကျသော အခန်းကဏ္ဍမှ ပါဝင်လာစေရန် တွန်းအားပေးနိုင်မည်ဟုလည်း မျှော်လင့်ပါသည်။

International Finance Corporation (IFC) အတွက် ADFIAP မှ ၂၀၁၈ ခုနှစ် စက်တင်ဘာလတွင် "မြန်မာနိုင်ငံရှိ ကူးသန်းရောင်းဝယ်ရေးဘဏ်များ၏ ဆုံးရှုံးနိုင်ခြေများအား စီမံခန့်ခွဲမှုအလေ့အထများ"[၁] ခေါင်းစဉ်ဖြင့် လေ့လာမှုတစ်ခု ပြုလုပ်ခဲ့ပါသည်။ ထိုလေ့လာမှု၏ အဓိကတွေ့ရှိချက်များမှာ သင့်လျော်သော စည်းမျဉ်းစည်းကမ်းပတ်ဝန်းကျင်မရှိခြင်း၊ အကြီးတန်းစီမံခန့်ခွဲသူများ သို့မဟုတ် ဘုတ်အဖွဲ့ဝင်များအနေဖြင့် သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ လုပ်ဆောင်မှုအတွက် ကြိုးပမ်းဆောင်ရွက်မှု အားနည်းခြင်းနှင့် ရုံးတွင်းလုပ်ဆောင်နိုင်မှု မရှိခြင်းတို့ ပါဝင်သည်။ သို့ဖြစ်၍ စွမ်းဆောင်ရည် တိုးတက်စေရန် အများပြည်သူအား အသိပညာမျှဝေခြင်း၊ ကူးသန်းရောင်းဝယ်ရေးဘဏ်များနှင့် စည်းမျဉ်း ထုတ်သူများအနေဖြင့် မြန်မာနိုင်ငံတွင် ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဘဏ်လုပ်ငန်းနှင့် အလေ့အထများကို လိုက်နာကျင့်သုံးနိုင်ရန် အရည်အချင်းများ မြှင့်တင်ခြင်းတို့ လိုအပ်ကြောင်း ဤ Green Finance လမ်းညွှန်စာအုပ်မှ ဖော်ပြထားပါသည်။ သို့မှသာ လုပ်ငန်းလည်ပတ်သည့် ပတ်ဝန်းကျင်နှင့် ရုံးတွင်းလုပ်ဆောင်နိုင်မှု လိုအပ်ချက်များကြား ကွာဟချက်များကို ဖြည့်ဆည်းပေးနိုင်မည် ဖြစ်သည်။ ထို့ပြင် ဤလမ်းညွှန်စာအုပ်သည် MSMEs များအတွက် ဘဏ်ဝန်ဆောင်မှုနှင့် ဘဏ္ဍာငွေရရှိမှု ပိုမိုလွယ်ကူချောမွေ့စေရန်လည်း လုပ်ဆောင်ပေးနိုင်မည် ဖြစ်သည်။ နောက်ဆုံးအနေဖြင့် မြန်မာနိုင်ငံရှိ ဘဏ်လုပ်ငန်းဆိုင်ရာ ကဏ္ဍတစ်ခုလုံးကို စိမ်းလန်းစိုပြေစေခြင်းသည် ရင်းနှီးမြှုပ်နှံမှုနှင့် ချေးငွေထုတ်ချေးမှု လုပ်ငန်းများတွင် ရေရှည်တည်တံ့ခိုင်မြဲမှု၊ ရေတို ဖွံ့ဖြိုးတိုးတက်မှုနှင့် ငွေကြေးအရ ရလဒ်ကောင်းများကို ဖော်ဆောင်ပေးနိုင်မည် ဖြစ်သည်။

ဘဏ်ကဲ့သို့သော ငွေကြေးဆိုင်ရာ အဖွဲ့အစည်းများသည် နိုင်ငံတော်စီးပွားရေးတွင် အရင်းအနှီးနှင့် ဆုံးရှုံးနိုင်မှုကဲ့သို့သော အရင်းအမြစ်ခွဲဝေမှုအနေဖြင့် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်ပါသည်။ လက်ရှိအနေအထားအရ မြန်မာ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာခြင်းကြောင့် ကမ္ဘာကြီး ပူနွေးလာမှုနှင့် ဖန်လုံအိမ်ဓာတ်ငွေ့ ထုတ်လွှတ်မှု တိုးလာစေသော ကာဗွန်ဓါတ်ငွေ့များ လေထုထဲတွင် မကြုံစဖူး များပြားနေပြီဖြစ်သည်။ ထိုကဲ့သို့ ဖရိုဖရဲနှင့် အဆိပ်သင့်သောပတ်ဝန်းကျင်တွင် ရာသီဥတုဖောက်ပြန်မှုသည် ရုပ်ဝတ္ထုပိုင်းထိခိုက်နစ်နာနိုင်သော အန္တရာယ်များ (Physical risks) (ဥပမာ- မြန်မာနိုင်ငံတွင် ရေလွှမ်းမိုးမှုများ ပျံ့နှံ့နေခြင်း) နှင့် မူဝါဒနှင့် နည်းပညာဆိုင်ရာပြောင်းလဲမှုများကို ဖြစ်ပေါ်စေသော အသွင်ကူးပြောင်းရေးကာလ အန္တရာယ်များ (Transition risks) ကို ဖြစ်ပေါ်စေနိုင်သည်။ ကမ္ဘာ့ရာသီဥတု ဖောက်ပြန်မှုအန္တရာယ် ညွှန်းကိန်းအရ ၂၀၀၀ ခုနှစ်မှ ၂၀၁၉ ခုနှစ်အတွင်း မြန်မာနိုင်ငံသည် ရာသီဥတုဖောက်ပြန်မှုအန္တရာယ်များ ဆိုးရွားစွာကြုံတွေ့နေရသည့် ဒုတိယမြောက် အထိခိုက်ဆုံးနိုင်ငံဖြစ်သည်။ အကျိုးဆက်အားဖြင့် လူသားများအပေါ်တွင် သိသိသာသာ ထိခိုက်မှုများနှင့် စီးပွားရေး ဆုံးရှုံးမှုများကို ဖြစ်စေသည်။ ဤ ရုပ်ဝတ္ထုပိုင်းထိခိုက်နစ်နာနိုင်သော အန္တရာယ်များနှင့် အသွင်ကူးပြောင်းရေးကာလ အန္တရာယ်များသည် ငွေကြေးဆိုင်ရာ ဆုံးရှုံးရနိုင်မှုများဖြစ်သော အကြွေး၊ ဈေးကွက်နှင့် နည်းပညာဆိုင်ရာ ဆုံးရှုံးရနိုင်မှုများကို ဖြစ်ပေါ်စေပါသည်။

1. ADFIAP. "Risk Management Practices of Commercial Banks in Myanmar." A national research study report conducted by ADFIAP (Norman A. Tilos, Corazon D. Conde and Victor C. Abainza) for the International Finance Corporation (Vietnam). September 2018.

ရာသီဥတုဖောက်ပြန်မှုကြောင့် ဖြစ်သော ငွေကြေးဆိုင်ရာ ဆုံးရှုံးနိုင်မှုများသည် ငွေကြေးဆိုင်ရာ အဖွဲ့အစည်းများအတွက် ထူးခြားသောစိန်ခေါ်မှုများ ပေါ်ပေါက်လာစေသည်။ ထို့ကြောင့် ကျွန်ုပ်တို့ လက်ရှိချမှတ်လိုက်သော ဆုံးဖြတ်ချက်များသည် အနာဂတ်တွင် ဖြစ်ပေါ်လာနိုင်သော ငွေကြေးဆိုင်ရာ ဆုံးရှုံးရနိုင်မှုများအတွက် မည်သို့အကျိုးသက်ရောက်နိုင်သည်ကို ထည့်သွင်းစဉ်းစားသင့်သည့် မဟာဗျူဟာမြောက်နည်းလမ်းတစ်ခု လိုအပ်ပါသည်။ အစီအစဥ်တကျ စဥ်းစားဆုံးဖြတ်လုပ်ဆောင်ခြင်းသည် ရာသီဥတုပြောင်းလဲမှုနှင့် ဆက်စပ်နေသော ငွေကြေးဆိုင်ရာ ဆုံးရှုံးရနိုင်မှုများကို လျှော့ချနိုင်မည်ဖြစ်သည်။ ဤအခြေအနေတွင် ရာသီဥတုဖောက်ပြန်မှုနှင့် သဘာဝပတ်ဝန်းကျင် ပျက်စီးယိုယွင်းမှုတို့ကို လွန်စွာခံစားရနိုင်သောနိုင်ငံဖြစ်သည့် မြန်မာနိုင်ငံအတွက် ကာဗွန်နည်းသော၊ ရာသီဥတုဒဏ်ကို ကြံ့ကြံ့ခံရင်သန်ရပ်တည်နိုင်သော စီးပွားရေးစနစ်သို့ ကူးပြောင်းရန် လိုအပ်ပါသည်။ ထိုသို့ ကူးပြောင်းနိုင်ရန်အတွက် ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဘဏ္ဍာရေး (Sustainable finance) နှင့် အစိမ်းရောင်ဘဏ္ဍာရေးဆိုင်ရာ (Green finance) အယူအဆကို ဤလမ်းညွှန်စာအုပ်မှ တစ်ဆင့် ရှင်းလင်းဖော်ပြမည် ဖြစ်သည်။[၂]

ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဘဏ္ဍာရေးကို အဆင့်ဆင့်သော ဖွံ့ဖြိုးတိုးတက်မှု ပုံစံတို့ဖြင့် ဖော်ပြနိုင်ပါသည်။ ပထမအဆင့်မှာ ရာသီဥတုဆိုင်ရာ ဘဏ္ဍာရေး (Climate Finance) ဖြစ်ပြီး ရာသီဥတုဖောက်ပြန်မှု လျှော့ချရေး ဆောင်ရွက်မှုများနှင့် ရာသီဥတုဖောက်ပြန်မှုကို လိုက်လျောညီထွေဖြစ်အောင် လုပ်ဆောင်မည့် စီမံကိန်းများအတွက် ငွေကြေးထောက်ပံ့ပေးရန် ရည်ရွယ်ပါသည်။ ဒုတိယအဆင့်မှာ အစိမ်းရောင်ဘဏ္ဍာရေး (Green finance) ဖြစ်ပြီး ရာသီဥတုဆိုင်ရာ ဘဏ္ဍာရေးနှင့်အတူ အခြားသော သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အကြောင်းအရာများ စူးစမ်းလေ့လာခြင်းတို့ကို အဓိကအချက်များအဖြစ် ထည့်သွင်းစဥ်းစားထားပါသည်။ တတိယအဆင့်၌ အစိမ်းရောင်ဘဏ္ဍာရေးတွင် လူမှုရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အကြောင်းရင်းများကို ထည့်သွင်း စဥ်းစားသောကြောင့် လူမှုသဘာဝပတ်ဝန်းကျင်ဆိုင်ရာ ငွေကြေးထောက်ပံ့မှု (Socio-environmental financing) အဖြစ် ပေါ်ပေါက်လာသည်။ နောက်ဆုံးအဆင့်တွင် သဘာဝပတ်ဝန်းကျင်၊ လူမှုရေးနှင့် အုပ်ချုပ်ရေးပိုင်းကို ထည့်သွင်းစဥ်းစားသောကြောင့် ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုး တိုးတက်မှု ဘဏ္ဍာရေး (Sustainable development finance ) ဖြစ်လာပါသည်။[၃]




2. RPA Bank of England. “How Climate Change Can Present Financial Risks to the Banking Sector.” 2018.

3. Adapted from the definition of sustainable finance from the presentation of Dr. Colin Legarda Hubo, Executive Director of UA&P Center for Social Responsibility during the 2nd Sustainable Finance Forum last October 8, 2019, at the Manila Peninsula Hotel.

## လမ်းညွှန်စာအုပ်ကို အဓိကအားဖြင့် အပိုင်း (၂) ပိုင်းခွဲထားသည်။

- ပထမအပိုင်းတွင် ကျွန်ုပ်တို့သည် ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော သုံးစွဲမှုနှင့် ထုတ်လုပ်မှုဆိုင်ရာ သဘောတရား (SCP) ကို ဖော်ပြမည်ဖြစ်သည်။ ထို့နောက် SCP သည် ရေရှည် တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဘဏ္ဍာရေးအတွက် မည်သို့ အားပေးထောက်ခံမည်ကို ဆွေးနွေးဖော်ပြမည် ဖြစ်ပါသည်။ SCP ၏ အယူအဆသည် တာဝန်သိသုံးစွဲမှုနှင့် ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ထုတ်လုပ်မှု အလေ့အထများမှတစ်ဆင့် "လူ့အဖွဲ့အစည်းအတွက် ပိုမိုမြင့်မားသောဘဝ အရည်အသွေးတစ်ခု ရရှိရန် မျှော်မှန်းချက်" ဖြစ်သည်။ ထို့နောက် ဘဏ္ဍာရေး အဖွဲ့အစည်းများအနေဖြင့် ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှု မြှင့်တင်ရေးတွင် မည်သို့မည်ပုံ ပါဝင်နိုင်သည်ကို ဆက်လက်ဆွေးနွေးထားသည်။ အထူးသဖြင့် ဘဏ္ဍာရေးအဖွဲ့အစည်းများသည် ၎င်းတို့၏ ဘဏ္ဍာရေးဆိုင်ရာ လုပ်ဆောင်မှုများအပြင် သဘာဝပတ်ဝန်းကျင်၊ လူမှုရေးနှင့် အုပ်ချုပ်မှုအစီအစဉ်များ၊ လုပ်ရှားမှုများကို အားပေးကူညီပြီး ရပ်ရွာအတွင်း လူမှုဆက်ဆံရေးအခန်းကဏ္ဍတွင် တက်ကြွစွာ ပါဝင်သင့်ပါသည်။ နောက်ဆုံးတွင် Green Finance ၏ အဓိပ္ပါယ်၊ သဘောတရားနှင့် မည်သည့်အတွက်ကြောင့် အရေးကြီးပုံများ၊ ပုံမှန် အစိမ်းရောင် ရင်းနှီးမြှုပ်နှံမှုများ (Green investments) အကြောင်း ဆွေးနွေးခြင်းဖြင့် အဆုံးသတ်ပါသည်။

- လမ်းညွှန်စာအုပ်၏ ဒုတိယအပိုင်းတွင် Green Finance မူဘောင်၏ ပင်မစီးပွားရေးလုပ်ငန်းဆောင်ရွက်မှု တစ်ခုဖြစ်သည့် ချေးငွေ အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (Loan Evaluation Process) ကို စေ့စေ့စပ်စပ် ပြန်လည်သုံးသပ်ခြင်းအပေါ် အာရုံစိုက်ထားပါသည်။ ချေးငွေအကဲဖြတ်ခြင်းလုပ်ငန်းစဉ် (Loan Evaluation Process) သည် ပတ်ဝန်းကျင်၊ လူမှုရေး နှင့် အုပ်ချုပ်ရေး (ESG) နှင့် ဆုံးရှုံးနိုင်ခြေ စီမံခန့်ခွဲမှု အကဲဖြတ်ခြင်း (Risk management assessment) ၏ အဓိကအကျဆုံးအချက်ဖြစ်သည်။ ထို့နောက် အစိမ်းရောင်ပရောဂျက် (Green project) တစ်ခု၏ ချေးငွေဆိုင်ရာ ဆုံးရှုံးနိုင်မှု အကဲဖြတ်ခြင်း (Credit risk assessment) အား မည်သို့လုပ်ဆောင်ရမည်ကို စာဖတ်သူများအား မိတ်ဆက် ထားပါသည်။ ချေးငွေဆိုင်ရာ ဆုံးရှုံးနိုင်မှု အကဲဖြတ်ခြင်းတွင် ဈေးကွက်၊ နည်းပညာပိုင်း၊ စီမံခန့်ခွဲမှု၊ ဘဏ္ဍာရေးဆိုင်ရာ ကဏ္ဍများနှင့် အခြားသော အဓိက အချက်အလက်များမှ တစ်ဆင့် ချေးငွေအဆိုပြုချက် (Loan proposal) ကို လေ့လာသုံးသပ် ခွဲခြမ်းစိတ်ဖြာခြင်း ပါဝင်ပါသည်။

  လမ်းညွှန်စာအုပ်တွင် အစိမ်းရောင်စီမံကိန်း (Green project) များကို အကဲဖြတ်ခြင်းအား အဓိကဖော်ပြထားသောကြောင့် ချေးငွေဆိုင်ရာ ဆုံးရှုံးနိုင်မှု အကဲဖြတ်ခြင်းလုပ်ငန်းစဉ်တွင် အရေးကြီးသော အချက်မှာ သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ အထူးဂရုစိုက်မှု (Due diligence) ဖြစ်သည်။ ချေးငွေဆိုင်ရာ ဆုံးရှုံးနိုင်မှု အကဲဖြတ်ခြင်းလုပ်ငန်းစဉ်၏ နောက်ဆက်တွဲမှာ စီမံကိန်းတစ်ခု၏ ပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ ဆုံးရှုံးနိုင်ခြေများကို စဉ်းစားသုံးသပ်လေ့လာခြင်း ဖြစ်သည်။ ထို့ပြင် ဘဏ်အနေဖြင့် သင့်လျော်သော လျော့ပါးသက်သာမှု (Mitigants) များ ထားရှိခြင်းဖြင့် ဘဏ်နှင့် ငွေချေးသူ နှစ်ဦးနှစ်ဖက်လုံးအတွက် ဆုံးရှုံးနိုင်ခြေများကို လျှော့ချခြင်းများလည်း ပါဝင်သည်။ ထို့နောက် ချေးငွေအကဲဖြတ်ခြင်းလုပ်ငန်းစဉ်အား လုပ်ဆောင်ရာတွင် Green credit scoring ၏ လုပ်ငန်းစဉ်အဆင့်ဆင့်၊ ချေးငွေဈေးနှုန်းနှင့် စီမံဆောင်ရွက်ပေးခြင်း၊ ချေးငွေပဋိညာဉ်များနှင့် စာရွက်စာတမ်းပြုစုခြင်း တို့ကို ထည့်သွင်းစဥ်းစားရမည် ဖြစ်ကြောင်း ဖော်ပြထားပါသည်။

## SUSTAINABLE CONSUMPTION AND PRODUCTION (SCP) ၏ အယူအဆ

SCP ၏ အယူအဆသည် တာဝန်သိသုံးစွဲမှုနှင့် ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ထုတ်လုပ်မှု အလေ့အထများမှတစ်ဆင့် "လူ့အဖွဲ့အစည်းအတွက် ပိုမိုမြင့်မားသော ဘဝ အရည်အသွေးတစ်ခု ရရှိရန် မျှော်မှန်းချက်" ဖြစ်သည်။

## Green Finance Framework




ပင်မစီးပွားရေးလုပ်ငန်းဆောင်ရွက်မှု၏ အဓိကကျသော အခြားအစိတ်အပိုင်းတစ်ခုမှာ စီမံကိန်းကို ကြီးကြပ်ခြင်းနှင့် စောင့်ကြည့်လေ့လာခြင်း (Project Supervision and Monitoring) ဖြစ်ပြီး ပုံမှန်အားဖြင့် စီမံကိန်း၏ လက်ရှိစွမ်းဆောင်ရည်နှင့် မျှော်မှန်းထားသည့်စွမ်းဆောင်ရည်များကို နှိုင်းယှဉ် အကဲဖြတ်ခြင်းတို့ ပါဝင်ပါသည်။ ဤနည်းအားဖြင့် ချေးငွေအရာရှိအား ချေးငွေအရည်အသွေးသည် ယခင်အတိုင်း တိုးတက်ပြောင်းလဲမှုမရှိခြင်း သို့မဟုတ် တိုးတက်လာခြင်း သို့မဟုတ် ယိုယွင်းသွားခြင်း ရှိ၊ မရှိကို ညွှန်ပြနိုင်မည်ဖြစ်သည်။ ချေးငွေအရာရှိတစ်ဦးသည် စီမံကိန်းကို ကြီးကြပ်ခြင်းနှင့် စောင့်ကြည့်ခြင်းလုပ်ဆောင်မှုတွင် ထည့်သွင်းစဉ်းစားနိုင်သည့် အစောပိုင်းသတိပေး အချက်ပြမှုများကိုလည်း ဖော်ပြထားပါသည်။ ထို့နောက် စာဖတ်သူများအား Green Finance မူဘောင်မှ ပင်မစီးပွားရေးလုပ်ငန်းဆောင်ရွက်မှု၏ နောက်ဆုံး အစိတ်အပိုင်း တစ်ခုဖြစ်သည့် ပြန်လည်ကုစားခြင်းစီမံခန့်ခွဲမှု (Remedial Management) ကို ဆွေးနွေးဖော်ပြထားပါသည်။

နောက်ဆုံး အနေဖြင့် လမ်းညွှန်စာအုပ်သည် Green Financing နှင့် သက်ဆိုင်သော ဘဏ်၏ ဝန်ဆောင်မှုများ တိုးချဲ့ရာတွင် ထောက်ပံ့ပေးမည့် စီမံခန့်ခွဲမှုများကို ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီညီ မည်သို့လုပ်ဆောင်ရမည်ကို ဆွေးနွေးခြင်းဖြင့် အဆုံးသတ်ထားပါသည်။ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော စီမံကိန်းအဆိုပြုချက်များကို ဖော်ဆောင်ခြင်းနှင့် အကောင်အထည်ဖော်ရာတွင် လိုအပ်သော ချဉ်းကပ်မှုအတွက် Business Model Canvas ကိုလည်း မူဘောင်တစ်ခုအဖြစ် မိတ်ဆက်ပေးထားပါသည်။

PREVENT PLASTICS

switchasia GRANTS PROGRAMME

Funded by the European Union

“ မြန်မာနိုင်ငံရှိ ဘဏ်လုပ်ငန်းဆိုင်ရာ ကဏ္ဍတစ်ခုလုံးကို စိမ်းလန်းစိုပြေစေခြင်းသည် ရင်းနှီးမြှုပ်နှံမှုနှင့် ဈေးငွေထုတ်ချေးမှု လုပ်ငန်းများတွင် ရေရှည်တည်တံ့ခိုင်မြဲမှု၊ ရေတို ဖွံ့ဖြိုးတိုးတက်မှုနှင့် ငွေကြေးအရ ရလဒ်ကောင်းများကို ဖော်ဆောင်ပေးနိုင်မည် ဖြစ်သည်။ ”

sequa

ADFIAP financing sustainable development

SMART Myanmar

WWF

Yever smarter together